**ကလေးအလုပ်သမားစစ်တမ်း (၂၀၁၉-၂၀၂၀) (အစားအစာထုတ်လုပ်ခြင်းနှင့် လက်လီလက်ကားရောင်းဝယ်ရေး (မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်ပြင်ဆင်ခြင်း) ကဏ္ဍ) ကောက်ယူနိုင်ရေးအတွက် မြို့နယ်ကြီးကြပ်ရေးမှူးများနှင့် စာရင်းကောက်များအား သင်တန်းပေးခြင်းအခမ်းအနား ကျင်းပ**

**၂၀၂၀ ပြည့်နှစ်၊ မတ်လ (၁၂) ရက်**

ကလေးအလုပ်သမားစစ်တမ်း (၂၀၁၉-၂၀၂၀) (အစားအစာထုတ်လုပ်ခြင်းနှင့်လက်လီလက်ကားရောင်းဝယ်ရေး (မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်ပြင်ဆင်ခြင်း) ကဏ္ဍ) ကောက်ယူနိုင်ရေးအတွက် မြို့နယ်ကြီးကြပ်ရေးမှူးများနှင့် စာရင်းကောက်များအား သင်တန်းပေးခြင်းအခမ်းအနားကို ၂၀၂၀ ပြည့်နှစ်၊ မတ်လ (၁၂) ရက်နေ့တွင် ဘားအံမြို့ရှိ ကရင်ပြည်နယ်၊ ဗဟိုစာရင်းအင်းအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါအခမ်းအနားတွင် ကရင်ပြည်နယ်၊ လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး ဦးမင်းကိုခိုင်က အဖွင့်အမှာစကား ပြောကြားခဲ့ပြီး ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ စာရင်းကောက်ယူရေးလုပ်ငန်းဆပ်ကော်မတီ၊ အတွင်းရေးမှူးဖြစ်သူ ဗဟိုစာရင်းအင်းအဖွဲ့ ကရင်ပြည်နယ်တာဝန်ခံ၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လတ်လတ်မျိုးက စစ်တမ်းကောက်ယူမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြခဲ့ပါသည်။ အခမ်းအနားသို့ ပြည်နယ်အဆင့်ဌာနဆိုင်ရာများမှ ဝန်ထမ်းများ၊ ကရင်ပြည်နယ် စာရင်းကောက်ယူရေးလုပ်ငန်းဆပ်ကော်မတီမှ ကော်မတီအဖွဲ့ဝင်များ အပါအဝင် စုစုပေါင်း (၅၀) ဦး တက်ရောက်ခဲ့ကြပါသည်။


စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန
ဗဟိုစာရင်းအင်းအဖွဲ့


စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန
ဗဟိုစာရင်းအင်းအဖွဲ့